ယင်းကွေ့ချောင်းကျေးရွာ

ယင်းကွေ့ချောင်းကျေးရွာအုပ်စု၊ မကွေးမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)


စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ယင်းကွေ့ချောင်းကျေးရွာ

(မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ရေးဆွဲပါသည်။)



ဖေဖော်ဝါရီလ၊ ၂၀၂၀

## မာတိကာ


**၁။ စကားချီး** ၅

**၂။ သယံဇာတပြမြေပုံ** ၇

**၃။ ရာသီခွင်ပြပြက္ခဒိန်** ၈

**၄။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ** ၉

**၅။ တည်နေရာနှင့် ပထဝီအနေအထား** ၁၀

**၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** ၁၀

**၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

**၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ** ၁၅

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၆

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(၄၈) ၁၇

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းများ

ဇယား(၂) လုပ်ငန်းနှင့် ကျား/မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၆) ဥစ္စာခနေအဆင့် အခြေအနေ

ဇယား(၇) ချေးငှာခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် အခွင့်အလမ်းများ
ဇယား(၂၃) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာသူများ ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှု

ဇယား(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတား တည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု၊ အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

**၉။စီမံချက်ဆိုင်ရာအဆိုပြုလွှာ(AVIP)** ၇၃

**၁၀။ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း** ၇၅

**၁၀။ကိုးကားစာရင်း** ၇၆

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ဘဏ္ဍာရေးနှစ် အထိငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ယင်းကွေ့ချောင်းကျေးရွာ၏ ကျေးရွာ သူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီး ဌာနများနှင့် အတူတကွချိတ်ဆက် လုပ်ဆောင်ရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက် အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဖေဖော်ဝါရီလ ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ယင်းကွေ့ချောင်းကျေးရွာ

မကွေးမြို့နယ်

၂။ ယင်းကွေ့ချောင်းကျေးရွာ၊ သယံဇာတပြမြေပုံ



## ၃။ ယင်းကွေ့ချောင်းကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



၄။ ယင်းကွေ့ချောင်းကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ(Van Diagram)



## ၅။ တည်နေရာနှင့် ပထဝီအနေအထား

မကွေးမြို့နယ် ယင်းကွေ့ချောင်းကျေးရွာသည် မကွေ့မြို့၏ နယ်ဆုံး မြို့နယ်အစပ် မြို့နယ်နှစ်ခုအကြားတွင် တည်ရှိပါသည်။ မကွေးမြို့မှ မိုင် (၃၀) ကျော်အကွာအဝေးတွင် လမ်းပန်း ဆက်သွယ်ရေး အလွန်ညံ့ပါသည်။ ရွာ၏ အရှေ့ဘက်တွင်တွင် ယင်းချောင်းရှိပြီး ရွာ၏ တောင်ဘက် တွင် အောင်ချမ်းသာ ၊ အောင်သုခ ဘုရားနှစ်ဆူတည်ရှိပါသည်။ ရွာ၏ မြောက်ဘက်တွင် သာသန ဝံသဘုန်းကြီးကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းတည်ရှိပါသည်။ တောင်ကုန်း တောင်တန်း နှင့် ချောင်းရိုးများပေါများသောကြောင့် သဲ၊ ကျောက်စရစ်များ ပေါများပါသည်။ ကျေးရွာသည် မြေပြန့် အနေအထားရှိပြီး အပူပိုင်းဒေသဖြစ်သောကြောင်း အပူဒဏ်ခံနိုင်သော နှမ်း၊ မြေပဲ၊ ပဲစင်းငုံ သီးနှံများကို မိုးဦးရာသီတွင် စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် မြေပဲ၊ ပြောင်း သီးနှံ များကို အဓိက ထားစိုက်ပျိုးကြပါသည်။

## ၆။ ရာသီဥတုနှင့် သဘာဝအနေအထား

ယင်းကွေ့ချောင်းကျေးရွာတွင် နွေ၊မိုး၊ဆောင်း ရာသီဥတု (၃)မျိုးရှိပြီး မိုးရာသီတွင် ချောင်းရေ များပြီး ရေကြီးတဲ့အခါရှိပါသည်။ ရွာ၏ အရှေ့ဘက် ယင်းချောင်းသည် ကပ်လျှက်စီးနေသောကြောင့် မိုးများချိန်တွင် ချောင်းရေကြီးမှုများကြုံတွေ့နေရပါသည်။ ယင်းချောင်းတွင် ဆောင်းရာသီ၌ ကြက်သွန် အာလူး များစိုက်ပျိုးကြပါသည်။ တောတောင်ထူထပ်သောကြောင့် ပွင့်လင်းရာသီတွင် ကျောက်ခဲများခွဲပြီးလုပ်ကိုင်ရောင်းစားကြပါသည်။ သဘာဝမြေသြဇာအဖြစ်တိရိစ္ဆာန်စွန့်ပစ်ပစ္စည်း များကိုသာ အဓိကထားအသုံးပြုကြရပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝအပင် မျိုးစိတ်များ အသင့်အတင့်တွေ့ရှိပြီး အသုံးချနိုင်မှု လွယ်ကူပါသည်။

## ၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ယင်းကွေ့ချောင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၅၀)စုရှိပြီး ကျား(၄၄၃)ဦး၊မ(၅၁၅)ဦးဖြင့် လူဦးရေ စုစုပေါင်း( ၉၅၈) ဦးရှိကာ သက်တမ်းရှည် နေနိုင်သော ပုဂ္ဂိုလ်များနည်းနေသည်ဟု ယူဆမိပါသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာလူမျိုးများသာ နေထိုင်ကြပါသည်။

ကျေးရွာတွင် ဆယ်အိမ်မှူး (၂၅)ဦး၊ ရာအိမ်မှူး(၂)ဦး၊ ရွာခွဲတာဝန်ခံ(၁)ဦးပါဝင်သော ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့က ဦးဆောင်လျက် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့(၇)ဦးဖြင့် ဖွဲ့စည်းထားကာ မီးဘေးကာကွယ်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးနှင့် ကျေးရွာသာယာရေးကိစ္စများတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖ၊ လူငယ်ပရဟိတအဖွဲ့၊ အရန်မီးသတ်အဖွဲ့တို့နှင့် ဆွေးနွေး

တိုင်ပင်ကာ ကော်မတီများဖွဲ့စည်း၍ ဌာနဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျေးရွာ ပြည်သူများနှင့် ပူးပေါင်းစီမံခန့်ခွဲ လုပ်ဆောင်လျက်ရှိပါသည်။

**(ခ) စီပွားရေးနှင့် အသက်မွေးဝမ်းမှု အခြေအနေ**

ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သော်လည်း ယာမြေများမှာ မြေဆီ၊ မြေဩဇာ အသင့်အတင့်သာကောင်းမွန်သောကြောင့် ပဲနှမ်း၊ ပြောင်း၊ဝါ၊ပဲတီစိမ်းနှင့် ပဲကြီးများ စိုက်ပျိုးကြပြီး အထွက်နှုန်းလျော့နည်းသဖြင့် ဝင်ငွေနည်းပါးပါသည်။ မိုးလေဝသနှင့် မြေဆီလွှာအနေအထားအရ သီးနှံအထွက်နှုန်း ကျဆင်းသောကြောင့် နွေရာသီတွင် ပြည်တွင်းရှိ ပဲခူးနယ်ဘက်သို့ အငှားပဲခြောက်ကောက်လုပ်ငန်း လုပ်ကိုင်သူ(၁၀၀)ဦးခန့် လုပ်ကိုင်ကြပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် ကားမောင်းခြင်း၊ လက်သမား၊ ပန်းရံ၊ ဈေးရောင်းချခြင်းလုပ်ငန်းများနှင့် ကြက်၊ ဝက်၊ နွားနှင့် ဆိတ်များအားတစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းအဖြစ်သာ တွဲဖက်လုပ်ကိုင်ကြပါသည်။

အစိုးရဝန်ထမ်းအနေဖြင့် ပညာရေးဝန်ထမ်း(၅)ဦးနှင့် အခြားဝန်ထမ်း(၅)ဦးသာရှိသောကြောင့် လစဉ်ပုံမှန်ဝင်ငွေရှိသော မိသားစုနည်းပါးပါသဖြင့် ပြည်တွင်းတွင် သွားရောက် လုပ်ကိုင်သူများ အနည်းငယ်ရှိပါသည်။ ပြည်ပသို့ သွားရောက်လုပ်ကိုင်(၄)ဦးရှိပြီး ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

**(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ယင်းကွေ့ချောင်းကျေးရွာတွင် အောင်ချမ်းသာ၊ အောင်သုခဘုရားကုန်းပေါ်တွင် ယခုနှစ်တွင် ဓမ္မာရုံအဟောင်းကိုဖျက်ပြီး ဓမ္မာရုံအသစ်ဆောက်လုပ်ရန် စီစဉ်လျှက်ရှိပါသည်။ စာသင်ကျောင်းဆောင် (၂)ဆောင်ရှိသော်လည်း လုံလောက်မှုမရှိသဖြင့် စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရန် ကြိုးစားလျှက်ရှိပါသည်။ ဘုန်းကြီးကျောင်း(၁)ကျောင်း၊ ဓမ္မာရုံ(၁)ခု၊ စာသင်ကျောင်း အဆောက်အဦ(၂)ခု၊ နှင့် စာကြည့်တိုက်(၁)ခု တို့သည် အသင့်အတင့် ကောင်းမွန် ခိုင်ခံ့ သော်လည်း ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏ ရွာတွင်းလမ်းအခြေအနေမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလတွင် ဗွက်နွံများ၊ ရေချောက် များဖြင့် သွားလာ ရခက်ခဲလျှက်ရှိပါသည်။ ကျေးရွာတွင် ရေလုံလောက်မှုရှိပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ**

ကျေးရွာတွင် ဖွဲ့စည်းထားသော ပရဟိတအဖွဲ့များမှ သင့်တင်သော အတိုးနှုန်းဖြင့် လည်ပတ်လျက်ရှိပါသည်။ စိုက်ပျိုးရေးကြိုတင်ချေးငွေများကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးခဲ့ပါသည်။ ချေးငွေကို (၁)လအတိုးနှုန်း (၀.၈)ကျပ်တိုးနှင့် (၁)ကေလျှင် (၅၀၀၀၀) ကျပ်

နှုန်းဖြင့် အများဆုံး (၁၀) ကေအတွက် ချေးယူနိုင်ကြပါသည်။ သမဝါယမအသင်းချေးငွေ၊ ပက်စ်မြန်မာ တို့မှ ငွေထုတ်ချေးသူများလည်း ရှိပါသည်။ ကျေးရွာသူ/သား အများစုသည် အကြောင်းအရင်း မျိုးစုံတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရပြီး ကျေးရွာတွင်ချေးငွေ လိုအပ်ချက် များပြားလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

## (င) ပညာရေး

ယင်းကွေ့ချောင်းကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းရှိပြီး အထက်တန်းနှင့် တက္ကသိုလ်ပညာသင်ယူရန် မကွေးမြို့သို့ သွားရောက်သင်ကြားရပါသည်။ ဆရာ/မလုံလောက်မှု မရှိပါ။ စာသင်ကျောင်းဆောင်၊ ဝန်ထမ်းအိမ်ယာနှင့် KG ကျောင်းဆောင်နှင့် သင်ထောက်ကူ ပစ္စည်းများ လိုအပ်လျှက်ရှိပါသည်။ အလယ်တန်း ပညာတတ် မြောက်သူ အသင့်အတင့်ရှိပြီး အထက်တန်း ပညာနှင့် ဘွဲ့ရပညာတတ် လူငယ်များလွန်စွာနည်းပါးသဖြင့် အလယ်တန်းကျောင်းထွက်နှုန်း များကြောင်း တွေ့ရှိရပါသည်။လူငယ်များသည် အလယ်တန်း ပြီးမြောက်ပါက မိသားစု စီးပွားရေးအရကျောင်းထွက် အလုပ်လုပ်နေရကြောင်း တွေ့ရှိ ရပါသည်။

## (စ) ကျန်းမာရေး

ယင်းကွေ့ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ကျဝန်ထမ်း ဆရာမများမှ အခါအားလျှော်စွာ ကာကွယ်ဆေးများ လာရောက်ထိုးနှံကြပါသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုး၊ ဆီးချိုရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး ရာသီအကူး အပြောင်းတွင် ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါ များ ဖြစ်တတ်ပါသည်။ HIV, AIDS ရောဂါဖြစ်ပွားမှုများ မတွေ့ရှိရပါ။ ကျေးရွာတွင် ကျန်းမာရေးဌာနခွဲမရှိသဖြင့် မြို့နယ်ကျန်းမာရေး ဌာနသို့ ချထားပေးပါရန် လျှောက်ထားစဲဖြစ်ပါသည်။အရေးကြီးပါက ကျေးရွာနှင့် (၂၀)မိုင်ခန့် ကွာဝေးသော မကွေးမြို့နယ်ဆေးရုံကိုသာ အလေးထား နေရကြောင်း တွေ့ရှိရပါသည်။

## (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန် အရန်မီးသတ်တပ်ဖွဲ့များသာ ရှိပါသည်။ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုလဲခြင်း၊ သီးနှံများပျက်စီးခြင်းများ ကြုံတွေ့လျှက်ရှိပါသည်။ယင်းချောင်းနှင့်နီးသော်လည်း ချောင်းရေကြီးခြင်းများမှာ တခါတရံသာ ဖြစ်တတ်ပြီး မြေဆီလွှာ အသင့်အတင့်သာကောင်းသဖြင့် စိုက်ပျိုးရာတွင် အခက်အခဲ များရှိကြောင်း တွေ့ရှိရပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအနေဖြင့် အချို့အိမ်ထောင်စုများသည် ကိုယ်ပိုင်ယာခင်းများတွင် မီးရှို့၍ မြေဩဇာအဖြစ် အသုံးပြုကြပြီး အချို့သည် မြေကြီးတူး၍ စွန့်ပစ် ကြောင်း တွေ့ရှိရပါသည်။

**(၈) ကျား-မရေးရာ**

ကျေးရွာတွင် လက်သမားပန်းရံ လုပ်ငန်းတွင် ကျား/မ တန်းတူ လုပ်အားခမရရှိပါ။ စိုက်ပျိုးရေးလုပ်ငန်း ပေါင်းနုတ်ခြင်းတွင် ကျား/မ တန်းတူ လုပ်အားခရရှိပါသည်။ကျေးရွာအုပ်ချုပ်ရေးတွင် အမျိုးသမီးများ ပါဝင်ခြင်းမရရှိသော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် သာရေး/ နာရေး ပရဟိတလုပ်ငန်းများ လုပ်ကိုင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

## မကွေးမြို့နယ်၊ ယင်းကွေ့ချောင်းကျေးရွာအုပ်စု၊ ယင်းကွေ့ချောင်းကျေးရွာ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | ကျေးရွာမှအဆိုပြုသောစီမံချက်များ | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၃) | အမှတ်ပေးသူ (၄) | အမှတ်ပေးသူ (၅) | အမှတ်ပေးသူ (၆) | အမှတ်ပေးသူ (၇) | အမှတ်ပေးသူ (၈) | အမှတ်ပေးသူ (၉) | အမှတ်ပေးသူ (၁၀) | စုစုပေါင်း ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများအား မြေနီကျောက်စရစ်ခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | တစ်အိမ်သုံးဆိုလာမီးလင်းရေး | ၉ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉ | ၉၈ | ၂ |
| ၃ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၁၀ | ၁၀ | ၉ | ၉ | ၁၀ | ၁၀ | ၉ | ၁၀ | ၁၀ | ၁၀ | ၉၇ | ၃ |
| ၄ | ရေကာတာတည်ဆောက်ခြင်း | ၉ | ၁၀ | ၉ | ၉ | ၁၀ | ၁၀ | ၉ | ၁၀ | ၁၀ | ၉ | ၉၅ | ၄ |
| ၅ | ကျေးရွာတွင်း လမ်းမအား ကွန်ကရစ်လမ်းခင်းခြင်း | ၁၀ | ၉ | ၉ | ၉ | ၁၀ | ၉ | ၁၀ | ၈ | ၁၀ | ၉ | ၉၃ | ၅ |

မကွေးမြို့နယ်၊ ယင်းကွေ့ချောင်းကျေးရွာအုပ်စု၊ ယင်းကွေ့ချောင်းကျေးရွာ အချိန်ကာလသတ်မှတ်ချက်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများအား မြေနီကျောက်စရစ်ခင်းခြင်း | ၁ | ✔ | | | | |
| ၂ | တစ်အိမ်သုံးဆိုလာမီးလင်းရေး | ၂ | | ✔ | | | |
| ၃ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၃ | | | ✔ | | |
| ၄ | ရေကာတာတည်ဆောက်ခြင်း | ၄ | | | | ✔ | |
| ၅ | ကျေးရွာတွင်း လမ်းမအား ကွန်ကရစ်လမ်းခင်းခြင်း | ၅ | | | | | ✔ |

မကွေးမြို့နယ်၊ ယင်းကွေ့ချောင်းကျေးရွာအုပ်စု၊ ယင်းကွေ့ချောင်းကျေးရွာ ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု

| စဉ် | ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများအား မကောင်းခြင်း၊ သွားလာရခက်ခဲခြင်း | မိုးရေများခြင်းကြောင့် ချိုင့်ခွက်ဖြစ်၊ ကုန်းဆင်း၊ ကုန်းတက်များပျက်စီးခြင်း မြေသားလမ်းများဖြစ်ခြင်း | ကျေးရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း၊ မြေနီ၊ ကျောက်စရစ်ရရှိခြင်း၊ ရန်ပုံငွေကောက်ယူနိုင်ခြင်း | ငွေကြေးမလုံ လောက်ခြင်း၊နည်း ပညာအားနည်းခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာတွင်း လမ်းများ အား မြေနီလမ်းခင်းခြင်း |
| ၂ | မီးရရှိရန်ခက်ခဲခြင်း | လျှပ်စစ်မီးမရရှိခြင်း၊ (၁၁) လိုင်းနှင့် ကွာဝေးခြင်း၊ NEP စီမံကိန်းတွင် ပါဝင်မှု မရှိခြင်း | ဆိုလာမီးလင်းရေးဆောင်ရွက်ရန် ကျေးရွာမှ စိတ်ပါဝင်စား မှုရှိခြင်း၊ အချို့ကျ ငွေကြေး ထည့် ဝင်နိုင်ခြင်း | သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်မှု အားနည်းခြင်း | မကွေးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီး ဌာနနှင့် ချိတ်ဆက် တင်ပြ တောင်းခံခြင်း၊ ကျေးရွာမှ ရန်ပုံငွေထည့်ဝင်ခြင်း | ဆိုလာမီးလင်းရေး စီမံချက် |
| ၃ | အစည်းအဝေးကျင်းပနှင့် သာရေး/နာရေး ကိစ္စ များ ဆောင်ရွက်ရန် သီခြားနေရာမရှိခြင်း | အုပ်ချုပ်ရေး၊ပညာရေး၊ ကျန်းမာရေး အဖွဲ့အစည်း အသီးသီးမှ လာရောက်ရာ တွင် ဘုန်းတော်ကြီး ကျောင်း၌ ကျင်းပပြုလုပ် ရခြင်း | ကျေးရွာတွင်ခန်းမဆောက် လုပ်ရန် မြေကွက် ရှိခြင်း | ငွေကြေးမလုံ လောက်ခြင်း | ကျေးရွာမှစုပေါင်း၍ အလှူငွေကောက်ခံခြင်း၊ လိုအပ်ပါက ကျေးရွာမှ လုပ်အားထည့်ဝင်ခြင်း | ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း စီမံချက် |
| ၄ | ကျေးရွာသည် ယင်းချောင်းဘေးတွင် တည်ရှိသောကြောင့် ကမ်းပါး ရေတိုက်စားမှုများခြင်း | အချိန်ကြာလာလျှင် ကျေးရွာအနီးရှိယာမြေများ တိုက်စား နိုင်ခြင်း၊တချို့ မြေများ တိုက်စားခံရခြင်း | ကျေးရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း၊ မြေနီ၊ ကျောက်စရစ်ရရှိခြင်း | ငွေကြေးမလုံ လောက်ခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ရေကာတာတည်ဆောက် ရေး စီမံချက် |
| ၅ | မြေနီလမ်းများ ဖြစ်ခြင်း ပွင့်လင်းရာသီသာ သွားလာရ လွယ်ကူခြင်း | မိုးရာသီများတွင် သွားလာရ ခက်ခဲခြင်း၊ ဗွက်များထူခြင်း | ကျေးရွာမှလုပ်အား ထည့်ဝင်နိုင်မှုရှိခြင်း | ငွေကြေးမလုံ လောက်ခြင်း | အလှူရှင်များရှာဖွေခြင်း လွှတ်တော်ကိုယ်စားလှယ် များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | ကျေးရွာတွင်းလမ်း များအားကွန်ကရစ်လမ်း ခင်းခြင်းစီမံချက် |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၅ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၀ | ၃၄ | ၇၄ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄၈ | ၂၉ | ၇၇ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၀ | ၄၅ | ၉၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၂၄ | ၄၄၅ | ၈၆၉ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်အိုကြီး | ၂၄ | ၄၁ | ၆၅ |
| စုစုပေါင်း | | ၅၉၁ | ၅၉၉ | ၁၁၉၀ |
| စုစုပေါင်း အိမ်ထောင်စု | | | | ၂၃၈ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်လူငယ် ပေါများပြီး အိမ်ထောင်စုနှင့် လူဦးရေအရေအတွက်သည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးမှ စာရင်းနှင့် အနည်းငယ် ကွာဟမှုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၃၀ | ၄၅၀ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၈၀ | ၅၅၀ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၂၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၆ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၆ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် မိသားစုဝင် လုပ်အား | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၈၀ | |
| ၂၀ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော်လည်း တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ ကျောက်ထုတ်လုပ်ရေးလုပ်ငန်း၊ ဆီကြိတ်စက်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေးဆိုင်ရောင်းဝယ်ရေးလုပ်ငန်းများအား စိုက်ပျိုးရေး လုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၀၀၀ | ၁၀၀၀ | ၅၀၀ | ၅၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း | နေ့စား | ၀ | ၀ | ၀ | ၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ခြင်း၊ မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆံပင်ညှပ်၊ အပ်ချုပ်လုပ်ငန်းတွင် ကျား/မ တန်းတူလုပ်အားခ ရရှိပြီး ကျန်လုပ်ငန်းများတွင် အနည်းငယ်ကွာချက်ရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၃၇၅.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၇၅.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၅၆.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **စုစုပေါင်း** | ၁၅၀၆ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ယာမြေများပေါများပြီး မြေဩဇာမကောင်း၍ စိုက်ပျိုးခြင်းမရှိသော ပလပ်မြေများလည်း ရှိပါသည်။ စားကျက်မြေများပေါများသော်လည်း ခြောက်သွေ့ကုန်းများပေါများပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် | များ ☑ သင့် ☐ | လွယ် ☑ ခက် ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စသည်များ | နည်း ☐ မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐<br>အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။လမ်းခင်းကျောက်ကြီးများ ထုတ်လုပ်နိုင်ပြီး ကျောက်သဲကျောက်စရစ်များ ပေါများစွာ ထွက်ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၈ | ၄၉ | ၁၆၀ | ၁ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။အဆင်ပြေသောအိမ်ထောင်စု အသင့်တင့်ရှိသော်လည်း မပြေလည်သော အိမ်ထောင်စု ပေါ်များပါသည်။ တောင်သူများပေါ်များပြီး ရာသီဥတု ဖောက်ပြန်သဖြင့် ထွက်နှုန်းလျော့နည်းမှုကြောင့် အဆင်မပြေရခြင်းဖြစ်ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။

**(င-၂)  ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၀ | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၀ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၀ | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။မိသားစုစောင့်ရှောက်မှုမရှိသော အဖွား(၁)ယောက်သာရှိပါသည်။ ရပ်ဆွေရပ်မျိုးများမှ ဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။

**(င-၃)  ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ချောင်းနှင့် နီးသောနေရာတွင်ရှိသောကြောင့် ရေကြီးခြင်းအား မိုးရာသီတွင် ကြုံတွေ့ရတတ်ပြီး မြေဆီလွှာပျက်စီးမှုများ အများဆုံးကြုံတွေ့နေရပါသည်။ မကွေးတောင်တွင်းကားလမ်းမကြီးနှင့် အလွန်ဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လူငယ်များ ထိခိုက်မှုအသင့်အတင့်ရှိပြီး လက်လုပ်လက်စား၊ ကျပန်းများ၊ ကားမောင်းပြီးအသက်မွေးသူများ ထိခိုက်မှု နည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၂၃ | ၀ | ၂၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | မီးသတ်အဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၃၀ | ၀ | ၃၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | ဂေါပကအဖွဲ့ | ၁ ☑<br>၂ ☐<br>၃ ☐ | ၁၅ | ၀ | ၁၅ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | ပရဟိတအဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၂၅ | ၁၅ | ၄၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၅ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၇ | ၃ | ၁၀ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၆ | လမ်းကော်မတီအဖွဲ့ | ၁ ☐<br>၂ ☑ ၃<br>☐ | ၉ | ၂ | ၁၁ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှဦးဆောင်၍ စည်းစည်းလုံးလုံးနှင့် သိုက်သိုက်ဝန်းဝန်း ကူညီဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ပက်စ်မြန်မာ | ၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

**(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

**(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)**

**(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း**

**(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

**(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)**

**(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

**(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယခင်က UNDP အဖွဲ့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ယခုအချိန်တွင် ပက်စ်မြန်မာ ငွေစုငွေချေးအဖွဲ့သာ ကျန်ရှိပါသည်။ ပြင်ပအဖွဲ့အစည်း ထပ်မံဝင်ရောက်မှု မရှိပါ။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၉ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၆၀ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၁၅ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၈ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၃၈ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အချို့သောတောင်သူများမှာ မိမိပိုင်ဆိုင်သည့်ဧကကို အတိအကျမသိခြင်း၊ ယာမြေကျဉ်းသော်လည်း တခြားအလုပ်များနှင့် တွဲဖက်လုပ်ကိုင်နေရခြင်းတို့ တွေ့ရှိရပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၂ | ရေလွှဲဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၃ | မြစ်ရေတင် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐ | ရှိ ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | စီမံကိန်း | | ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | မရှိ ☐<br>မဖြေဆိုပါ☑ |
| ၄ | ရေသွင်းမြောင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၅ | အဝီစိတွင်း | ၁.၀၀ | တစ်နှစ်ပတ်လုံး ☑<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☑<br>မရှိ ☐<br>မဖြေဆိုပါ☐ |
| ၆ | လက်ငင် ရေတွင်း | ၂.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၈ | ချောင်းရေ | ၁.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ယင်းချောင်းနှင့် ကပ်လျှက်တွင် တည်ရှိသောကြောင့် သောက်သုံးရေ ဖူလုံမှုရှိပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| နှမ်း | ၁၀၀ | ဧက | ၁၀ | ၃၀ | ၂၀ | မေ | စက်တင်ဘာ | မြင့်☑<br>လတ် ☐<br>နိမ့် ☐ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ပဲ | ၃၇၅ | ဧက | ၂၀ | ၅၀ | ၃၅ | မေ | စက်တင်ဘာ | မြင့် ☑<br>လတ် ☐<br>နိမ့် ☐ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပဲနှင့်နှမ်းကို အဓိကထားစိုက်ပျိုးကြပြီး ပဲတီစိမ်း၊ ပဲကြီး၊ ပြောင်းသီးနှံများကို သီးထပ်သီးညှပ်စိုက်ပျိုးကြပါသည်။ ချောင်းရေကျချိန်တွင် ကြက်သွန်၊ နံနံပင်များ ရာသီအလိုက် စိုက်ပျိုးကြပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁ | ၀ | ၀ | ၁၅၀ |
| လက်တွန်းထွန်စက် | ၀ | ၀ | ၀ | ၀ |
| အစေ့ချ ကိရိယာ | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းခြွေလှေ့စက် | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းစက် | ၀ | ၀ | ၀ | ၀ |
| ခြွေလှေ့စက် | ၀ | ၀ | ၀ | ၀ |
| ရေစုပ်စက် | ၁၅ | ၀ | ၀ | ၀ |
| ခြေနင်းရေတင်စက် | ၀ | ၀ | ၀ | ၀ |
| မြက်ရိတ်စက် | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ထွန်စက်(၁)စီးသာရှိပြီး တောင်သူဦးရေများပြားသဖြင့် စိုက်ပျိုးချိန်တွင် အလှည့်ကျစောင့်ဆိုင်းရသဖြင့် တစ်ခါတစ်ရံတွင် စိုက်ပျိုးချိန်နောက်ကျမှုများ ကြုံတွေ့ရပါသည်။ (၁)ကေလျှင် ထွန်စက်ငှားရမ်းခ (၁၂၀၀၀)ကျပ်ခန့် ပေးရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br><br>(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br><br>(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါ်များ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐<br>မဖြေဆိုပါ ☑ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑<br>မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ရေမြေရာသီဥတု သင့်တင့်မျှတသော်လည်း တခါတရံ မိုးခေါင်ခြင်းနှင့် မိုးဦးနောက်ကျခြင်းများ ကြုံတွေ့နေရပါသည်။ စိုက်ပျိုးရေ အနေဖြင့် မိုးရေကိုသာ အဓိက အားထားနေရပြီး ချောင်းရေကျချိန်တွင် ကြက်သွန် အာလူးများစိုက်ပျိုးကြပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br><br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☑<br><br>မဖြေဆိုပါ ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑<br><br>ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐<br><br>မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | မဖြေဆိုပါ ☐ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးအနေဖြင့် မိုးရေကို အဓိကထား စိုက်ပျိုးရပါသည်။ ချေးငွေဝန်ဆောင်မှုအနေဖြင့် ပက်စ်မြန်မာ ငွေစုငွေချေးအသင်း(၁)သင်းသာ ရှိပါသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၀ | ၁၀၅ |
| နို့စားနွား | ၀ | ၀ |
| ကျွဲ | ၀ | ၀ |
| မြင်း | ၀ | ၀ |
| မြည်း | ၀ | ၀ |
| လား | ၀ | ၀ |
| ဆိတ် | ၇ | ၁၆၀ |
| သိုး | ၀ | ၀ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဝက် | ၀ | ၀ |
| ကြက် | ၀ | ၀ |
| ဘဲ | ၀ | ၀ |
| နွားနောက် | ၀ | ၀ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၀ | ၀ |
| ပုဇွန်ကန် | ၀ | ၀ |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | ၀ | ၀ |
| ရေချို ငါးဖမ်းလုပ်ငန်း | ၀ | ၀ |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | ၀ | ၀ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တောင်သူများသည် ခိုင်းနွားများသာ အဓိက မွေးမြူကြပြီး ဆိတ်မွေးမြူသည့် အိမ်ထောင်စု(၇)စုသာ ရှိပါသည်။ ဝက်နှင့် ကြက်များ မွေးမြူကြသော်လည်း စနစ်တကျ မွေးမြူကြခြင်းမရှိပါ။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါ်များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐ |
| ရေရရှိမှု | အလုံအလောက်ရနိုင် ☑ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ☐ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ |

